## စက်ရုံ၊အလုပ်ရုံများတွင် အချိန်ပိုလုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက်များ

- **စက်ရုံ၊ အလုပ်ရုံများ အနေဖြင့် အချိန်ပိုခွင့်ပြုချက် တင်ပြရမည့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးများ**

| စဉ် | စက်ရုံ၊ အလုပ်ရုံ လုပ်သားဦးရေ သတ်မှတ်ချက် | တင်ပြရမည့်ဌာန |
|---|---|---|
| ၁။ | အလုပ်သမားဦးရေ (၅၀၀)ဦးအောက် စက်ရုံ၊ အလုပ်ရုံများ | သက်ဆိုင်ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန မြို့နယ်၊ ခရိုင်၊ စက်မှုဇုန် ရုံးများ၊ |
| ၂။ | အလုပ်သမားဦးရေ(၅၀၁)ဦးမှ(၁၀၀၀)ဦး အထိ စက်ရုံ၊ အလုပ်ရုံများ | သက်ဆိုင်ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ခရိုင်ရုံး၊ စက်မှုဇုန်ရုံးများ၊ |
| ၃။ | အလုပ်သမားဦးရေ(၁၀၀၁)ဦးအထက် စက်ရုံ၊ အလုပ်ရုံများ | သက်ဆိုင်ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများ၊ |

- **စက်ရုံ၊ အလုပ်ရုံများမှ အချိန်ပိုခွင့်ပြုချက်တင်ပြရာတွင် လိုအပ်သည့် အချက်အလက်များ**

(က) စက်ရုံ၊ အလုပ်ရုံများမှ အချိန်ပိုခွင့်ပြုချက် တင်ပြရာတွင် အချိန်ပိုလုပ်ကိုင်မည့် နေ့ရက် မတိုင်မီ (၇)ရက် ကြိုတင်၍ တင်ပြရန်၊

(ခ) ခွင့်ပြုသည့် အချိန်ပိုနာရီအတိုင်း လုပ်ကိုင်ရမည်ဖြစ်ကြောင်း လုပ်ငန်းပိုင်ရှင်/ မန်နေဂျာကိုယ်တိုင် ဝန်ခံကတိပြုလက်မှတ်၊

(ဂ) အချိန်ပိုလုပ်ကိုင်မည့် အလုပ်သမား၏ သဘောတူညီကြောင်း မှတ်တမ်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၏ လုပ်ငန်းပိုင်ရှင်/ မန်နေဂျာများမှ ခွင့်ပြုထားသည့် အချိန်ပို နာရီထက် ပိုမိုလုပ်ကိုင်ခဲ့ပါက ဥပဒေအရ အရေးယူခံရမည်ကို သိရှိကြောင်း ဝန်ခံ ကတိပြုလက်မှတ်၊

- **စက်ရုံ၊ အလုပ်ရုံများမှ အချိန်ပိုလုပ်ကိုင်နိုင်သည့် အချိန်ပိုနာရီများ**

| စဉ် | အချိန်ပိုလုပ်ကိုင်မည့်နေ့ရက် | အချိန်ပိုနာရီ |
|---|---|---|
| **အဆက်မပြတ်လုပ်ကိုင်ရမှုမရှိသောစက်ရုံများ** | | |
| ၁။ | တနင်္လာနေ့မှ သောကြာ | ၃ နာရီ |
| ၂။ | စနေ | ၅ နာရီ |
| **အဆက်မပြတ်လုပ်ကိုင်ရသောစက်ရုံများ** | | |
| ၁။ | တနင်္လာနေ့မှစနေ့ထိ | ၂နာရီ၄၀မိနစ် |
| ၂။ | တနင်္ဂနွေနေ့နှင့် အများပြည်သူအလုပ်ပိတ်ရက်များတွင် အချိန်ပိုလုပ်ကိုင်လိုပါက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန စည်းကြပ်ဥပဒေများနှင့်အညီ လုပ်ကိုင်ရန် | |

- **အချိန်ပိုလုပ်ခ တွက်ချက် ပေးချေရမည့် ပုံသေနည်းများ**

(က) **လစားအလုပ်သမားများအတွက်**

$$\text{အချိန်ပို(၁)နာရီလုပ်ခ} = \frac{\text{အခြေခံလစာ } x \text{ ၁၂ လ}}{\text{၄၄နာရီ(သို့မဟုတ်)၄၈နာရီ } x \text{ ၅၂ပတ်}} \quad x \quad \text{၂ဆ}$$

(ခ) **နေ့စားအလုပ်သမားများအတွက်**

$$\text{အချိန်ပို(၁)နာရီလုပ်ခ} = \frac{\text{နေ့စားအခကြေးငွေ } x \text{ ၆ ရက်}}{\text{၄၄နာရီ(သို့မဟုတ်)၄၈နာရီ}} \quad x \quad \text{၂ဆ}$$

(ဂ) **ပုတ်ပြတ်အလုပ်သမားများအတွက်**

$$\text{အချိန်ပို(၁)နာရီလုပ်ခ} = \frac{\text{ပျမ်းမျှနေ့တွက်ကြေး} x \text{ ၆ ရက်}}{\text{၄၄နာရီ(သို့မဟုတ်)၄၈နာရီ}} \quad x \quad \text{၂ဆ}$$

- **မည်သည့်အလုပ်သမားမဆို ရက်သတ္တပတ်လျှင် ၄၄ နာရီထက်ပို၍ မလုပ်ရပါ။**
- ခွင်းချက်အနေဖြင့် အောက်ပါလုပ်ငန်းအမျိုးအစားများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများသည် ၄၈ နာရီလုပ်ကိုင်နိုင်သည်-

(က) လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊

(ခ) ရေခဲစက်၊

(ဂ) ရေနံချက်စက်၊

(ဃ) သစ်ပေါင်း တင်လုပ်ငန်း၊

(င) ရေနှင့် ဆီမှုတ်စက်များ၊

(စ) လေအား (သို့) ဓာတ်ငွေ့အား ပြုလုပ်သော စက်များ၊

(ဆ) ဓာတုဗေဒလုပ်ငန်း၊ အသီးအနှံမှ ထုတ်ယူသော ဆီစက်များ၊

(ဇ) သကြားစက်များ။

(အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် ရက်သတ္တပတ် အလုပ်ချိန် သတ်မှတ်ချက်ရှိလျှင် ထိုအလုပ်ချိန်နာရီဖြင့် တွက်ချက်ရမည်။)